http://www.dhammadownload.com



## ဆီမီးမြင်းမိုရ်ပူဇော်ပုံ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား၊

- "ဇာတ်နိပါတ်များတွင် ကြတ္တိကာသဘင်ရှိကြောင်း၊
- ဥမ္မာဒန္တီဇာတ်တွင်လည်း တန်ဆောင်မုန်းလ ကြတ္တိကာသဘင်နေ့ ဆီမီးညှိထွန်းကြောင်းများကို ဆိုသည်၊
- ရှင်ရဋ္ဌသာရသည်လည်း 'မီးပန်းပွင့်တုန်း တန်ဆောင်မုန်း' ဟူ၍ ဘူရိဒတ်ဇာတ်ပေါင်း၌စပ်ဆိုသည်၊
- ယခု ဆီမီးမြင်းမိုရ် တန်ဆောင်မုန်းဆီမီးပူဇော်ကြသည်၊ သီတင်းကျွတ်လကိုသာ ပူဇော်ကြသည်၊
- ထိုပူဇော်ကြသည့်ထုံးလည်း ဘုရားရှင် တာဝတိံသာက သက်သည့်ကာလ ပူဇော်သက္ကာရသဘင် ဖြစ်သည်ကိုစွဲ၍ သာလွန်မင်းလက်ထက် ဖြစ်သည့်လက္ခဏာ ရှိသည်၊
- ထုံးတမ်းဆိုသည့်အရာသည် အမှန်အကန် ကျမ်းဂန်ရှေးအစဉ်ထုံးစံနှင့် အညီသာ ဖြစ်စေသင့်သည်၊
- ယခု အစဉ်ပူဇော်ကြသည့်အတိုင်း သီတင်းကျွတ်လကိုပင် ဆီမီးပူဇော်သင့်သည်၊ ဇာတ်နိပါတ် များတွင်လာသည်၊ ကြတ္တိကာသဘင်ထုံးစံရှိသည်အတိုင်း တန်ဆောင်မုန်းလကို ပူဇော်သင့်သည် ဖြစ်မည်ကို- - - - - -

ဆရာတော်မှာ လျှောက်" ၁၁၅၀-ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၃-ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသည်အတိုင်း ရာဇစည်သူကို စေ၍ လျှောက်လှာပါစေသည်။

- ဇာတ်နိပါတ်များတွင်လာသည့် ကြတ္တိကာသဘင်သည် ရတနာ ၃-ပါးကိုစွဲ၍ ဖြစ်သည် မဟုတ်၊ တစ်စုံတစ်ခု အကြောင်းမရှိ မဖြစ်ရာ၊
- နက္ခတ်ကိုစွဲ၍ ကြတ္တိကာသဘင်ပြုသည် ဖြစ်မည်၊
- မည်သည့် အကြောင်းကို စွဲ၍ ဖြစ်မည်၊

ယခုကာလ ဆီမီးပူဇော်ကြသည်မှာလည်း ရတနာ ၃-ပါးကိုစွဲ၍ ပူဇော်သူလည်း ပူဇော်ကြသည်၊ ရတနာ ၃-ပါးကို မစွဲမမှတ် နွားခြံ၊ ကျွဲခြံ၊ မောင်းတင်းကုပ်၊ လှေကားများမှာပင် ပူဇော်သူလည်း ပူဇော်ကြသည်၊ အမှန်အကန် ကျမ်းဂန်ထုံးစံရှိရာသာ လိုက်ပါရမည်၊

http://www.dhammadownload.com



- နှစ်စဉ်ပူဇော်သည့်အတိုင်း သီတင်းကျွတ်လကိုပင် ဆီမီးပူဇော်သင့်မည်၊
- ကြတ္တိကာသဘင် ရှေးအစဉ်ရှိသည်အတိုင်း တန်ဆောင်မုန်းလမှာ ပူဇော်သင့်မည်၊
- သို့မဟုတ် သီတင်းကျွတ်လမှာ ရတနာ ၃-ပါးကို ရည်မှတ်၍ တန်ဆောင်မုန်းလမှာ ကြတ္တိကာအစဉ်ရှိကို စွဲ၍ ၂-လ ၂-ကြိမ်ပင် ဆီမီးညှိထွန်းပူဇော်သင့်မည်၊

သီတင်းကျွတ်လ ရွှေဆင်, ငွေဆင်, ဆင်ရုပ်, မြင်းရုပ်, စပါးကျီ, ဆန်ကျီ, ရွှေတိုက်, ငွေတိုက်, ကြေးတိုက်လုပ်၍ ပူဇော်သည်များမှာ မည်သည့်အကြောင်းကို အစွဲပြု၍ လျှဒါန်း ပူဇော်သည် ဖြစ်သည်များကို သိသာအောင် အမိန့်တော်ရှိပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၀- ပြည့်၊ တော်သလင်းလပြည့်ကျော်၊ ၁၃-ရက်နေ့ လျှောက်လွှာသည်တွင် **အမိန့်ရှိလိုက်သည်ကား---**

သီတင်းကျွတ်လ အဿယုဇနက္ခတ်သဘင်, တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ် သဘင် ၂-ရပ်ရှိသည်တွင် သီတင်းကျွတ်လ အဿယုဇနက္ခတ်သဘင်မှာ ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ကြောင်းကို ဇာတ်နိပါတ်ကျမ်းဂန် တိုက်ရိုက်မလာ၊ တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်သဘင်မှာ ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ကြောင်းကို-

အထ သူရိယေ အတ္ထင်္ဂမေ ဥဂ္ဂတေ ပုဏ္ဏစန္ဒေ ဒေဝနဂရေ ဝိယ နဂရေ
အလင်္ကတေ သဗ္ဗဒိသာသု ဒီပေသု ဇလိတေသု -

အစရှိသည်ဖြင့်ဥမ္မာဒန္တီဇာတ်(၄၊ ၅၊ ၂၂၄)၌ လာသည်။

မဟာဗောဓိသ ကတ္တိကာဆဏပူဇံ အဒဿ။-

အစရှိသည်ဖြင့် သီရိဓမ္မာသောကမင်းကြီးလက်ထက် မဟာဗောဓိမှာ ကြတ္တိကာနက္ခတ် သဘင် ခံကြောင်း ပါရာဇိကဏ်အဋ္ဌကထာ၌ ဆိုသည်ဖြစ်၍ **ဆီမီးတန်ဆောင်, မီးပန်း မြင်းမိုရ် ပူဇော်တော်မူသည့်သဘင်မှာ တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်သဘင်ဖြစ်လျှင် ကျမ်းဂန်ထုံးစံနှင့် ညီညွတ်သည်၊** အမှတ်မဲ့ ပြည်သူ, တိုင်းသူတို့ ပူဇော်သည့်အရာမှာ သဘင် မဆိုလောက်ဖြစ်၍ ကာလအထူး မရှိသင့်ပြီ၊

- နက္ခတ်နှင့်ယှဉ်သည့်သဘင်,
- ဥတုဆန်းစ သဘင်,
- ရာသီနှင့်ယှဉ်၍ ပန်းပွင့်ချိန်သဘင် -ရှိကြောင်းကို ဝေဿန္တရာဇာတ်မှာ

ဆိုသည်နှင့်အညီ ရေမြေသေဌ်နင်းမင်းတို့ အဦးမူ၍ ပြုသည့်သဘင်မှာ အစဉ်ထုံးစံကာလ ရှိသင့်သည်၊ ရတနာ ၃-ပါးကိုစွဲ၍ ပြုသည်ဖြစ်စေ၊ နက္ခတ်ကိုစွဲ၍ ပြုသည်ဖြစ်စေ နက္ခတ်

http://www.dhammadownload.com



ယှဉ်, ဥတုဆန်း, ပန်းပွင့်ချိန်များနှင့် သင့်အောင်ခဲလျှင် မည်သည့်နက္ခတ်သဘင်, မည်သည့် ဥတုသဘင်, ပန်းသဘင်ဟု ဆိုသင့်တော့သည်၊ သီတင်းကျွတ်လ ရွှေဆင်, ငွေဆင်, ဆင်ရုပ်, မြင်းရုပ်စသည် အလှူတော်များကိုလည်း ကျမ်းဂန်မှာ ဆင်လှူသည်, မြင်းလှူသည် ဆိုသည့် ထုံးစံများကို စွဲ၍ ရှေးမင်းတို့လက်ထက် အစဉ်လှူဒါန်းမြဲ ထုံးစံဖြစ်သည် ယူရန်ရှိသည်။

✪ ✪ ✪ ✪ ✪

## ကထိန်သင်္ကန်း မသိုးသင်္ကန်း

**အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား၊**

"တန်ဆောင်မုန်းလကာလ ဆရာတော်, သံဃာတော်တို့ကို လှူသည့် သင်္ကန်းအလှူ တော်သည် ကထိန်အလှူ မြောက်မည်, မမြောက်မည်။

- မသိုးသင်္ကန်းမှာလည်း လှူရိုးကျမ်းဂန် မည်သို့ရှိသည်, မရှိသည်ကို ဆရာတော်ကို လျှောက်ဦး"၊ ၁၁၅၀-ပြည့်၊ တန်ဆောင်မုန်းလဆန်း၊ ၂-ရက်နေ့ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင့်ရွက်ရသည်အတိုင်း မဟာဒါန်ဝန်ကို လျှောက်လှာပါစေသည်၊ ကျမ်းဂန် ရှိသည်အတိုင်း သိတော်မူသာအောင် စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၅၀- ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၃-ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား---**

သံဃာကိုရည်၍ ကထိန်သင်္ကန်းအကျိုးငှာ လှူသည့်ပုဆိုးကို ရထိုက်သော ရဟန်းအား ဉ တ်ကမ္မဝါစာနှင့်သံဃာတို့ပေး၍ "အတ္ထတံ ဘန္တေ သံဃဿ" အစရှိသော စကားဖြင့် ခင်း၍ သံဃာအနုမောဒနာပြုမှ ကထိန်အလှူမြောက်သည်ကို ဝိနည်းကျမ်းဂန်၌ ဆိုသည် ဖြစ်၍ ထိုက်ရာခွေးခြယ် လှူဒါန်းတော်မူသည့် သင်္ကန်းတော် အလှူသည် ကထိန် အလှူမမြောက်၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁-ရက်မှ တန်ဆောင်မုန်းလပြည့်တိုင်ကာလ သည် ကထိန်ခေတ်ဖြစ်၍ ၎င်းခေတ်တွင် လှူသောကြောင့်သာ ကထိန်အလှူတော်ဆိုခြင်း ဖြစ်သည်။

http://www.dhammadownload.com



မသိုးသက်န်းမှာလည်း ကျမ်းဂန်မလာမရှိ၊ ရဟန်းတို့မှာ ကထိန်ပုဆိုးကို ရသည့် နေ့ ရက်အတွင်း ပြီးပြေအောင် အခြား နေ့ ရက် မကူးမသိုးစေဘဲ ချုပ်ဆိုးလုပ်ဆောင်၍ ကထိန်ခင်းရသည်ကို အစွဲမူ၍ လူတို့မှာလည်း မသိုးသက်န်းလုပ်ဆောင်၍ လှူဒါန်းကြသည့် အရာသာဖြစ်သည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com



✪ ✪ ✪ ✪ ✪

## ဆီမီးမြင်းမိုရ်နှင့် မဟာပိန္နဲပွဲ

သံတော်ဆင့်တို့ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား၊

"နက္ခတ်သဘင် ဆီမီးမြင်းမိုရ်ပွဲမှာ သက္ကရာဇ် ၁၁၅၀-ပြည့်နှစ် တန်ဆောင်မုန်းလ နက္ခတ်သဘင် မဟာပိန္နဲပွဲ၊ ဆီမီးထွန်းပွဲ တပြိုင်နက် ပွဲလမ်းခံ၍ ဆီမီးမြင်းမိုရ် ညီထွန်း ပူဇော်သည်၊ နက္ခတ်သဘင်ပွဲသည် တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်

http://www.dhammadownload.com



နှင့်ယှဉ်သည်ကို ပွဲလမ်းပြုသင့်သည်၊ တနင်္ဂနွေ ဗြိစ္ဆာရာသီ ပုဏ္ဏာတိထိ ကြတ္တိကာ နက္ခတ်နှင့်ယှဉ်မှသာ နက္ခတ်သဘင် မဟာပိန္နဲပွဲပြုသင့်သည်၊ ပြည်သူ ပြည်သားတို့ အခါ ၃-ရက်အတွင်း ဝတ်စားဆင်ယင်ရသည့်အရာသည်လည်း ဆီမီးထွန်းပွဲတွင် ဝတ်ဆင်ရမည်၊ နက္ခတ်သဘင် မဟာပိန္နဲပွဲမှာ ဝတ်ဆင်ရမည်များကို ဆရာတော်မှာ နာရီမှူးကို လျှောက်စေ"၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း နာရီမှူးကို လျှောက်လာစေပါသည်၊ သိတော်မူသာအောင် စာသွင်းတော်မူ ပါမည်အကြောင်းကို ရှိခိုး နားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၁-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၂-ရက်နေ့ ပေါက်မြိုင်စား နာရီမှူးကို စေ၍ လျှောက်ထားလှာသည်တွင် အမိန့်ရှိလိုက်သည်ကား---**

မီးထွန်းနက္ခတ်သဘင်ပွဲ, မဟာပိန္နဲနက္ခတ်သဘင်ပွဲ ၂-ရပ် ခံတော်မူမြဲတွင် မီးထွန်း နက္ခတ်သဘင်ပွဲမှာ ကျမ်းဂန်ထုံးစံသို့ လိုက်၍ ခံတော်မူခြင်း ဖြစ်သည်၊ မဟာပိန္နဲနက္ခတ် သဘင်ပွဲမှာ လောကီဗေဒင်သို့လိုက်၍ ခံတော်မူခြင်း ဖြစ်သည်၊ ကျမ်းဂန်ထုံးစံမှာလည်း ရာဇဂြိုဟ်ပြည် အမ္ဗဝနဌ် သီတင်းသုံးတော်မူစဉ် ဘုရားသခင်ထံတော်သို့ အဇာတသတ်မင်း အဖူးအမြော် ကပ်သည်ကာလ တန်ဆောင်မုန်းလပြည့်နေ့ ပြည်တွင်း, ပြည်ပ တန်ဆာ ဆင်လျက် ထက်ဝန်းကျင်ထွန်းသော ဆီမီးအစဉ်ရှိသည်ကို သီလက္ခန်အဋ္ဌကထာ(ဒီ၊ ဋ၊ ၁၊ ၁၃၆)၌ ဆိုသည်၊ ဥမ္မာဒန္တီဇာတ်၊ အဋ္ဌကထာ(ဋ၊ ၅၊ ၂၂၄)၌လည်း နက္ခတ်ကို မစွဲလမ်းမူ၍ နေဝင်ပြီး လပြည့်ဝန်းတက်သည်ကာလ အရပ်မျက်နှာအလုံး၌ ဆီမီးညီထွန်းသည်များကို ထောက်သော် နက္ခတ်ရာသီ မယှဉ် မရောက်သော်လည်း ဝေါဟာရ တန်ဆောင်မုန်း စန္ဒြမာသ ပုဏ္ဏာတိထိကြိုက်လျှင် ဆီမီးထွန်းသဘင် ခံသင့်တော့သည်။

တိထိသရုပကျမ်း၌ ကြတ္တိကာနက္ခတ်ကြိုက်သည်ကာလ မဟာပိန္နဲပူဇော်အပ်သည် ကို ဆိုသောကြောင့် မဟာပိန္နဲသဘင်မှာသာ ကြတ္တိကာနက္ခတ်အယှဉ် ဗြိစ္ဆာရာသီ ပုဏ္ဏာတိထိ ကြိုက်စေသင့်သည်၊

ပြည်သူပြည်သားတို့ အခါ ၃-ရက်တွင် ဝတ်စားဆင်ယင်ရသည့်အရာမှာလည်း မီးထွန်းသဘင်သာ ပြည်သူပြည်သားတို့နှင့် ဆက်ဆံသော သဘင်ဖြစ်၍ မီးထွန်းသဘင်တွင် သာ ဆင်ယင်သင့်သည်၊ ဗာရာဏသီပြည်တွင် သဘင်ကြီး ခံစဉ်ကာလ ပြည်သူပြည်သားတို့ အလုံးစုံ ဝတ်စားဆင်ယင်ရကြောင်းကိုလည်း "တတ္ထ မဟာဇနာ သဗ္ဗာဘရဏပ္ပဋိမဏ္ဍိတာ အဟေသုံ" ဟူ၍ ဥပ္ပလဝဏ်ထေရီမအကြောင်းကို ဆိုရာ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒသဝတ္ထု များ၌ လာသည်။